






# ဒေသခံများအတွက် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်



(၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်)



**MPRL E&P Pte Ltd.**

မန်းရေနံမြေမှ အကြံပြုဆွေးနွေးခြင်းဖြစ်စဉ်များမှတ်တမ်း

# မာတိကာ


၀၁။ ရည်ရွယ်ချက် ........ ၀၁

၀၂။ နယ်ပယ်သတ်မှတ်ချက် ........ ၀၂

၀၃။ ဥပဒေနှင့် နိုင်ငံတကာစံနှုန်းများကို လိုက်နာဆောင်ရွက်ခြင်း ........ ၀၄

၀၄။ နောက်ခံအကြောင်းအရာ ........ ၀၅

၀၅။ ဆွေးနွေးတင်ပြနိုင်မည့်နည်းလမ်းများ ........ ၀၆

၀၆။ အချိန်ကာလသတ်မှတ်ချက် ........ ၀၇

၀၇။ အများပြည်သူသိရှိနိုင်ရေးဆောင်ရွက်မှု ........ ၀၈

၀၈။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၊ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ........ ၀၉

၀၉။ ဖြစ်နိုင်ချေရှိသည့်ရလဒ်များနှင့်ကုစားမှုများ ........ ၁၂

၁၀။ အကြံပြုဆွေးနွေးခြင်းဆိုင်ရာ အချက်အလက်များ ........ ၁၃

၁၁။ သင်ခန်းစာများနှင့် ဖြစ်နိုင်သည့် အလားအလာများ ........ ၁၆

၁၂။ မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ အချိန်ကာလအလိုက် ဖြစ်စဉ် ........ ၁၉




## ၁။ ရည်ရွယ်ချက်

မန်းရေနံမြေတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်အတူ ရေနံတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီအနေဖြင့် မိမိတို့၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို ဖော်ထုတ်တင်ပြနိုင်ရန် မန်းရေနံမြေရှိ ထိစပ်ကျေးရွာ (၁၄) ရွာနေ ဒေသခံများအတွက် သီးသန့်သတ်မှတ်ပုံဖော်ရေးဆွဲထားသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်များကို အောက်ပါအခြေခံသဘောတရားများနှင့်အညီ အကျိုးရှိရှိဆောင်ရွက်လျက်ရှိပါသည်။

| | |
|---|---|
| **ထိန်းသိမ်းဆောင်ရွက်မှု** | – မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးလိုသည်များကို လုံခြုံစိတ်ချရသည့်နည်းလမ်းဖြင့် လက်ခံရယူခြင်း၊ |
| **လွယ်လင့်တကူတင်ပြနိုင်မှု** | – မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များကြောင့် ဒေသခံများ ကြုံတွေ့ရနိုင်သောထိခိုက်နစ်နာမှုနှင့် စိုးရိမ်မှုများကို MPRL E&P နှင့်အတူ ပူးပေါင်းဖြေရှင်းနိုင်ရန် ဆက်သွယ်ရေးလမ်းကြောင်းတခု ထားရှိခြင်း၊ |
| **သမာသမတ်ကျစွာဆောင်ရွက်မှု** | – အကြံပြုတင်ပြသူ၏အမြင်များကို အစဉ်လေးစားပြီး ခွဲခြားဆက်ဆံမှု မရှိခြင်း၊ |
| **ပွင့်လင်းမြင်သာမှု** | – တင်ပြလာသည့်အကြံပြုဆွေးနွေးမှုများကို သက်ဆိုင်ရာလုပ်ငန်း ဆက်စပ်လုပ်ကိုင်သူများ၏ ပါဝင်ဆောင်ရွက်မှုဖြင့် အချိန်နှင့်တပြေးညီ အလေးထားဖြေရှင်းဆောင်ရွက်ခြင်း၊ |



- တရားဝင်ဖြစ်ခြင်း
- လွယ်လင့်တကူအသုံးပြုခွင့်ရခြင်း
- ကြိုတင်ခန့်မှန်းနိုင်ခြင်း
- သာတူညီမျှဖြစ်ခြင်း
- ပွင့်လင်းမြင်သာမှုရှိခြင်း
- လူ့အခွင့်အရေးနှင့်အညီဖြစ်ခြင်း
- စဉ်ဆက်မပြတ်သင်ယူနိုင်သည့် အခြေခံအကြောင်းရင်းဖြစ်ခြင်း

လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများပါဝင်သည့် ဖြေရှင်းရေးနည်းလမ်းတစ်ခုဖြစ်သည့်အတွက် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ၏ အကြံပြုတင်ပြလိုသည့် စိုးရိမ်မှုနှင့်ပြဿနာများကို ရေရှည်တည်တံ့သော ဖြေရှင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် လျှင်မြန်ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။ သို့ဖြစ်၍ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သက်ရောက်မှုများနှင့် အန္တရာယ်ဖြစ်နိုင်ချေများကို စောလျှင်စွာ သတ်မှတ်ဖော်ထုတ်ခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်းတို့အတွက် ထိရောက်သောလုပ်ငန်းစဉ်တစ်ခုလည်းဖြစ်ပါသည်။

မန်းရေနံမြေ အထွက်တိုးစီမံကိန်းကိုအကောင်အထည်ဆောင်ရွက်မှု၏ အခန်းကဏ္ဍတစ်ရပ်အနေဖြင့် စီမံကိန်းအတွက်သီးသန့်ပုံဖော်ထားသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်တွင် လုပ်ငန်းဆိုင်ရာသက်ရောက်မှုများခံစားရသည့် ဒေသခံများနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ၏ စိုးရိမ်မှုများနှင့် အကြံပြုဆွေးနွေးချက်များကို လက်ခံရယူရန်၊ မှတ်ပုံတင်စာရင်းသွင်းရန်၊ ဖြေရှင်းဆောင်ရွက်ရန်နှင့် အစီရင်ခံတင်ပြရန်လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါသည်။ အကြံပြုဆွေးနွေးချက်များကို ပြန်လည်ဖြေရှင်းဆောင်ရွက်ရာတွင်လည်း နိုင်ငံ၏ လက်ရှိအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစနစ်များဖြင့် သက်ဆိုင်ခြင်းမရှိပါ။

## ၂။ နယ်ပယ်သတ်မှတ်ချက်

မန်းရေနံမြေတွင် လုပ်ငန်းလုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ထိခိုက်မှု အကျိုးသက်ရောက်မှုများကို စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ အကြံပြုချက်များကို အကြံပြုစာတင်ပြမှုအဖြစ် သတ်မှတ်ပါသည်။ အဆိုပါအကြံပြုစာတွင် မန်းရေနံမြေနှင့် ဆက်စပ်သည့်အဖြစ်အပျက် သို့မဟုတ် အကြောင်းအရာကိုရည်ညွှန်း၍ မန်းရေနံမြေပတ်ဝန်းကျင်တွင်နေထိုင်ကြသည့် လူမှုအသိုက်အဝန်းမှ ဒေသခံအစုအဖွဲ့ သို့မဟုတ် ဒေသခံတစ်ဦးကိုယ်စား ကိုယ်စားလှယ်တစ်ဦးအနေဖြင့် လည်းကောင်း၊ အစုအဖွဲ့အနေဖြင့်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့် လည်းကောင်း တင်ပြချက်များအထိ အကျုံးဝင်ပါသည်။



**ဦးစည်သူမိုးမြင့်**
Chief Operating Officer (COO) & Executive Director
MPRL E&P Pte Ltd.

*“ဒေသခံတွေအနေနဲ့ ကျွန်တော်တို့လုပ်ငန်းဆောင်ရွက်ချက်တွေကြောင့် ကြုံတွေ့ရတဲ့ ဒုက္ခတွေပဲဖြစ်ဖြစ်၊ နစ်နာမှုတွေပဲဖြစ်ဖြစ် တင်ပြမယ်ဆိုရင် တင်ပြနိုင်တဲ့နည်းလမ်းသုံးခု ရှိပါတယ်။ ပထမနည်းလမ်းကတော့ ဒီနစ်နာမှုကို ကျေးရွာ (၁၄) ရွာမှာ ထားရှိတဲ့ စာတိုက်ပုံးတွေကနေတဆင့် တရားဝင်စာတင်ပြီး တင်ပြတဲ့နည်းလမ်း ဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ ဒီဒေသခံတွေအနေနဲ့ ဖုန်းနဲ့တိုက်ရိုက်ဆက်သွယ်ပြီး ဒီနစ်နာမှုကို တင်ပြလို့ရတဲ့နည်းလမ်းဖြစ်ပါတယ်။ တတိယ နည်းလမ်းကတော့ ကျေးရွာ (၁၄) ရွာမှာရှိတဲ့ စေတနာ့ဝန်ထမ်းတွေကနေတဆင့် တင်ပြလို့ရတဲ့နည်းလမ်း ဖြစ်ပါတယ်။”*

မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မိတ်ဖက်အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက် များကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများကိုကုစားရန်နှင့် အကြံပြုတင်ပြချက်အားလုံးကို စီစစ်ရန်အတွက် ဒေသခံများကိုယ်တိုင်ပါဝင်သည့် စီမံကိန်းဆိုင်ရာသက်ဆိုင်သူများနှင့် အနီးကပ်ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

၎င်းတို့တွင် အောက်ပါ လုပ်ငန်းများအားလုံး အကျုံးဝင်ပါသည်-

- ပိုက်လိုင်းဟောင်းများကို ဖယ်ရှား/ မြှုပ်နှံ/ ပြုပြင်ခြင်း။
- မီးဘေးအန္တရာယ်/ လျှပ်စစ်အန္တရာယ်
- ရေပိုက်လိုင်း/ ရေအရင်းအမြစ် ပြုပြင်ခြင်း။
- အသုံးမပြုသော ရေဆိုးကန်များပြန်လည်မြေဖို့ခြင်း/ အသစ်တူးခြင်းကို ရပ်ဆိုင်းခြင်း
- တွင်းဟောင်း/ မြေဟောင်းများပြန်လည်မြေဖို့ခြင်း
- တံတား/ ကားလမ်း ပြုပြင်ခြင်း။
- ယာယီပိတ်ထားသောရေနံတွင်းများကို ဖယ်ရှားခြင်း
- သီးနှံလျော်ကြေး
- မြေယာလျော်ကြေး/ မြေအသုံးပြုခြင်း
- အလုပ်အကိုင်

ထို့အပြင် မိမိတို့လုပ်ငန်းဆောင်ရွက်ချက်များနှင့်ဆက်စပ်သည့် အသေးစားဖြစ်ရပ်များကို ကြိုတင်ခန့်မှန်းပြီး သတိပြုတုံ့ပြန်ဆောင်ရွက်ကာ တတ်နိုင်သမျှ စောလျှင်စွာ ပြန်လည်ဖြေလျှော့ ကုစားနိုင်ရေးအတွက် ထိခိုက်နစ်နာသူ (သို့) အကြံပြုတင်ပြသူများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။



## ၃။ ဥပဒေနှင့်နိုင်ငံတကာစံနှုန်းများကို လိုက်နာဆောင်ရွက်ခြင်း

MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် တရားစီရင်ရေးနှင့်မသက်ဆိုင်သော ပုဂ္ဂလိကဆိုင်ရာလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းစဉ်ကို နိုင်ငံတကာစံနှုန်းများ၊ ကုမ္ပဏီဆိုင်ရာမူဝါဒများ၊ စီမံကိန်း အထူးပြုစာရွက်စာတမ်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**စီမံကိန်းအထူးပြုစာရွက်စာတမ်းများ**

- မန်းရေနံမြေ၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (Environmental Impact Assessment (EIA) Report)
- မန်းရေနံမြေ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate-ECC)

**ကုမ္ပဏီ၏မူဝါဒများ**

- MPRL E&P ၏ လူ့အခွင့်အရေးဆိုင်ရာ ထုတ်ပြန်ချက်နှင့် မူဝါဒ
- MPRL E&P ၏ လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာ မူဝါဒ
- MPRL E&P ၏ အဖွဲ့အစည်းဆိုင်ရာကျင့်ထုံး

UNITED NATIONS

**နိုင်ငံတကာစံနှုန်းနှင့်လိုအပ်ချက်များ**

- ကုလသမဂ္ဂ၏ လမ်းညွှန်ချက်များ (UNGPs)

  *"စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုကြောင့် ထိခိုက်နိုင်ခြေရှိသည့် တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းများအတွက် ၎င်းတို့၏ မကျေလည်မှုများကို စောစီးစွာ ကိုင်တွယ်ဖြေရှင်းပြီး ကုစားမှုများ တစ်ပြိုင်တည်း ဆောင်ရွက်နိုင်မည့် ထိရောက်သည့် နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကို တည်ထောင်ရန် သို့မဟုတ် ပါဝင်ဆောင်ရွက်သင့်သည်။"*

IFC

**နိုင်ငံတကာစံနှုန်းနှင့်လိုအပ်ချက်များ**

- နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ စွမ်းဆောင်ရည်ဆိုင်ရာစံနှုန်းများ (International Finance Corporation Performance Standards-IFC PS)

  *"လုပ်ငန်းဆောင်ရွက်မှုကြောင့် သက်ရောက်မှုရှိသည့် လူ့အဖွဲ့အစည်းရှိပါက၊ အဆိုပါ လူ့အဖွဲ့အစည်း၏ သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလုပ်ငန်းများတွင် စိုးရိမ်မှုနှင့်နစ်နာမှုများကို ညှိနှိုင်းဖြေရှင်းရန်နှင့် လက်ခံဆောင်ရွက်နိုင်ရန် နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်တစ်ခု တည်ထောင်ရပါမည်။ ယင်းလုပ်ငန်းစဉ်တွင် စီမံကိန်းဆိုင်ရာသက်ရောက်မှုနှင့် အန္တရာယ်ဖြစ်နိုင်ခြေတို့ကိုပါ တိုင်းတာသင့်ပြီး ထိခိုက်ခံလူ့အဖွဲ့အစည်းကို အဆိုပါလုပ်ငန်းစဉ်အား အဓိက အသုံးပြုသူအဖြစ် သတ်မှတ်သင့်ပါသည်။"*



**Ms. Vicky Bowman**
Director, Myanmar Centre for Responsible Business (MCRB);
Senior Advisor, IHRB

*“ MPRL E&P ရဲ့ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်က တကယ့်ကို တီထွင်ဆန်းသစ်ပြီး စီးပွားရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်ချက်အခြေခံမှုအရ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကို အခြေခံဆောင်ရွက်ခဲ့တဲ့ ပထမဆုံးမြန်မာကုမ္ပဏီတစ်ခုလည်း ဖြစ်ပါတယ်။ နောက်တစ်ခု တီထွင်ဆန်းသစ်မှုက ကျေးရွာတွေမှာ လက်ရှိနေထိုင်ကြတဲ့ ဒေသခံစေတနာ့ဝန်ထမ်းတွေကို အသုံးပြုထားတာကြောင့် ကုမ္ပဏီက တစ်စုံတစ်ယောက်က တိုက်ရိုက်ရောက်လာတာမျိုး မဖြစ်နိုင်တော့ဘဲ ဒေသခံတွေရဲ့ယုံကြည်မှုကို ရရှိတာလည်း ဖြစ်ပါတယ်။ ”*

## ၄။ နောက်ခံအကြောင်းအရာ

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (OGM) သည် လူ့အခွင့်အရေးကို လေးစားမြှင့်တင်ရာတွင် MPRL E&P ၏ တာဝန်ခံမှုဆိုင်ရာ မူဘောင်၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တစ်သီးပုဂ္ဂလအတိုင်ပင်ခံဖြင့် ကုမ္ပဏီ၏ အကာအကွယ်ဆိုင်ရာမူဝါဒများကို လေ့လာပြီးနောက် ပထမဆုံးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ မန်းရေနံမြေ၏ လူမှုတာဝန်သိလုပ်ငန်းအစီအစဉ်တွင် ဖြည့်သွင်းဆောင်ရွက်သည့်လုပ်ငန်းစဉ်တစ်ခုအဖြစ် ပုံဖော်ကျင့်သုံးခဲ့သည်။

ထိုအချိန်မှစ၍ စိုးရိမ်မှုများမှာ အမှန်တကယ်ဖြစ်စေ၊ အကြံပြုတင်ပြလာခြင်းကြောင့်ဖြစ်စေ  ဒေသခံများ၏အကြံပြုချက်များကို လက်ခံစာရင်းသွင်းနိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ချက်များကိုမထိခိုက်ဘဲ အကြံပြုတင်ပြချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ တညီတညွတ်တည်း ထောက်ခံခဲ့သည့် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်ချက်များ (United Nations Guiding Principles on Business and Human Rights–UNGPs) တွင် လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကို အဓိကဖော်ပြထားပါသည်။ MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများအတွက် ထိခိုက်နစ်နာမှုများကို စောလျှင်စွာ ပြန်လည်ကုစားနိုင်ရန် ပုဂ္ဂလိကကုမ္ပဏီများအား အကောင်အထည်ဖော်ရန်တောင်းဆိုထားသည့် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက် အမှတ် (၂၉) (UNGP 29) ကို လေးစားလိုက်နာဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။


ထို့အပြင် MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာဘဏ္ဍာရေး ကော်ပိုရေးရှင်း၏ စွမ်းဆောင်ရည်ဆိုင်ရာစံနှုန်းများ (IFC PS) ကို ထင်ဟပ်သည့်ဒီဇိုင်းဖြင့် ပုံဖော်ထားပြီး လုပ်ငန်းဆောင်ရွက်ချက်ကြောင့်ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာထိခိုက်မှုများကို စောင့်ကြည့်လေ့လာကာ စနစ်တကျခြုံငုံသုံးသပ်ပြီး ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် ဒေသခံလူအဖွဲ့အစည်းကို ဖော်ထုတ်တင်ပြနိုင်ခွင့်ရရှိစေခြင်းလည်း ဖြစ်ပါသည်။

## ၅။ ဆွေးနွေးတင်ပြနိုင်မည့်နည်းလမ်းများ

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို အသုံးပြုနိုင်ရန် နည်းလမ်းများအနေဖြင့် လုပ်ငန်းစဉ်စတင်လည်ပတ်သည့် အချိန်ကတည်းက ဒေသခံလူ့အဖွဲ့အစည်းအတွင်း ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိနိုင်ရန် ဆောင်ရွက်ခဲ့သည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ လက်ကမ်းစာစောင်များကို မြန်မာဘာသာဖြင့်ရေးသားထုတ်ဝေခဲ့ပြီး မန်းရေနံမြေဒေသခံများထံ ဖြန့်ဝေခဲ့သည်။ အဆိုပါ လက်ကမ်းစာစောင်တွင် လုပ်ငန်းဆောင်ရွက်မှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုအမျိုးအစားများ၊ အကြံပြုတင်ပြလိုသည့်ဒေသခံများနှင့်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ပြေလည်မှုရရှိစေမည့် အကြံပြုဆွေးနွေးတင်ပြပုံအဆင့်ဆင့်နှင့် အကြံပြုစာတင်ပြနိုင်မည့် တာဝန်ရှိသူများနှင့် ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်တို့ကိုပါ ထည့်သွင်းဖော်ပြထားသည်။ လုပ်ငန်းစဉ် အသုံးပြု၍ အကြံပြုတင်ပြမှုလာပါက အသိုးအတေးထား၍ လက်စားချေခြင်းများမပါဝင်ဘဲ အကြံပြုစာများကို အခမဲ့ စာရင်းသွင်းတင်ပြနိုင်မည် ဖြစ်ပါသည်။

ဒေသခံလူ့အဖွဲ့အစည်းအတွင်း မည့်သည့်နေရာတွင်မဆို ဖြစ်ပေါ်လာနိုင်သည့် စိုးရိမ်မှုနှင့် နစ်နာမှုများကို အကြံပြုတင်ပြလိုပါက မည်သူမဆို အကြောင်းကြားတင်ပြနိုင်မည်ဖြစ်ပြီး ယင်းသို့ တင်ပြရာတွင်-

- ကျေးရွာတိုင်းတွင် ထားရှိပြီးဖြစ်သည့် အကြံပြုစာပုံးများမှတဆင့် ရေးသားတင်ပြနိုင်ခြင်း
- ကျေးရွာတိုင်းရှိ ဒေသခံစေတနာ့ဝန်ထမ်းများထံ တိုက်ရိုက်ပြောဆိုတင်ပြနိုင်ခြင်း (သို့မဟုတ်)
- ရေနံမြေ လုပ်ငန်းအဖွဲ့ဝင်များ(သို့မဟုတ်) CSR ဝန်ထမ်းများထံသို့ ဖုန်းဆက် တင်ပြနိုင်ခြင်း




ထို့အပြင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ရပ်ရွာအတွင်းတွေ့ဆုံဆွေးနွေးမှုများ၊ မန်းရေနံမြေ ရှိ CSR လုပ်ငန်းအဖွဲ့ရုံးနှင့် ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်တွင် ပုံမှန်အသိပေးထုတ်ပြန်လျှက်ရှိပါသည်။

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အကြံပြုစာပေးပို့တင်ပြမှုနှင့် အစီရင်ခံစာများကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြင်ဆင်ရေးသားကာ သက်ဆိုင်ရာ ဝက်ဘ်ဆိုဒ်စာမျက်နှာနှင့် ရုံးချုပ်တို့တွင် တင်ပြထားရှိပါသည်။ စွမ်းဆောင်ရည်အခြေပြု ချီးမြှင့်သည့်စနစ်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများထံမှတဆင့် ပထမဦးဆုံးဆက်သွယ်တင်ပြနိုင်ရန် စီစဉ်ထားရှိသည့်အတွက် ဒေသခံများ၏အကြံပြုစာများစွာကိုလည်း လက်ခံရရှိနိုင်မည်ဖြစ်ပါသည်။

## ၆။ အချိန်ကာလသတ်မှတ်ချက်

အကြံပြုချက်များအားလုံးကို လျှို့ဝှက်ထားရှိပြီး ညှိနှိုင်းပြောဆိုတင်ပြနိုင်မည့် အခြေအနေအဖြစ် ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အကြံပြုစာ စတင်တင်ပြချိန်မှ ပိတ်သိမ်းချိန်အထိ လုပ်ငန်းစဉ်တစ်ခုလုံးအတွက် ဦးစွာပထမ (၂၄) နာရီမှ အများဆုံး ရက် (၃၀) အထိ ကြာနိုင်ပြီး အကြံပြုစာတင်ပြမှုတွင် သက်ဆိုင်သူများ၏ ပူးပေါင်းပါဝင်နိုင်ရန်နှင့် အသေးစိတ် စုံစမ်းစစ်ဆေးရန် လိုအပ်သည့်ကိစ္စရပ်များ နည်းပါးသော်လည်း လုပ်ငန်းလုပ်ကိုင်ရာဒေသအတွင်း အဆိုပါ ကိစ္စရပ်များရှိလာပါက ရက် (၃၀) အတွင်း ဖြေရှင်းဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

**ယေဘုယျအားဖြင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် အောက်ပါတို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိပါသည် –**

- အကြံပြုစာ လက်ခံရရှိကြောင်းကို  အလုပ်ချိန် (၁) ရက်မှ (၃) ရက်အတွင်း အသိအမှတ်ပြုခြင်း
- အကြံပြုစာတင်ပြသူအား အလုပ်ချိန် (၂) ပတ်အတွင်း အကြောင်းပြန်ကြားခြင်း
- ရက်ပေါင်း (၃၀) အတွင်း အကြံပြုစာကိုဖြေရှင်းပိတ်သိမ်းခြင်း
- လုပ်ငန်းစဉ်နှင့် ဖြေရှင်းမှုရလဒ်များအပေါ် အကြံပြုတင်ပြသူ၏ကျေနပ်မှု ၅၀% ရရှိအောင် ဆောင်ရွက်ရန် သတ်မှတ်ထားရှိခြင်း



**ဒေါ်မြင့်မြင့်ခိုင်**
ကျေးရွာစေတနာ့ဝန်ထမ်း
(အောက်ကျောင်းကျေးရွာ)

*“ ကျွန်မက စေတနာ့ဝန်ထမ်းတယောက်အနေနဲ့ ကျွန်မကျေးရွာက တစ်စုံတယောက်က ကျွန်မဆီကို အကြံပြုစာတင်ပြဖို့ အကြောင်းကြားလာတဲ့အခါမျိုးမှာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် MPRL E&P CSR ဌာနသို့ ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားပါတယ်။ ပြီးရင်တော့ အကြံပြုစာ တင်ပြသည့်နေရာကို အကြံပြုစာ တင်ပြသူ၊ CSR ဝန်ထမ်းနှင့်အတူတူ ကွင်းဆင်းသွားရောက်ကြည့်ရှုပြီး ဓါတ်ပုံရိုက်မှတ်တမ်းယူပြီး အကြံပြုစာတင်ပြမှုဖောင်ကို ပြင်ဆင်ဖို့အတွက် ဆောင်ရွက်ပါတယ်။ ဒါကတော့ အကြံပြုစာ စတင်လက်ခံရရှိသည့်အချိန်မှာ ကျွန်မဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်များဖြစ်ပါတယ်။ အကြံပြုစာကို MPRL E&P မှ ဖြေရှင်းဆောင်ရွက်ပေးပြီး ပိတ်သိမ်းတဲ့အချိန်မှာလည်း ယခုကဲ့သို့ ပိတ်သိမ်းသည့်ဖောင် ပြုလုပ်ရန်အတွက် အကြံပြုစာတင်ပြသူနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၏လက်မှတ်များနှင့်အတူ ပိတ်သိမ်းမှုဖောင်ကို ပြုလုပ်ရပါတယ်။*

*အကြံပြုစာကို ဖြေရှင်းဆောင်ရွက်နေစဉ်ကာလများတွင်တော့ တခါတရံ အချို့သောအကြံပြုစာများကို ဖြေရှင်းဆောင်ရွက်ရာတွင် အကြံပြုစာတင်ပြသူတောင်သူနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရသော ကိစ္စများရှိတတ်ပါသည်။ ဥပမာ– တောင်သူဖယ်ရှားရန်တင်ပြထားသော ရေနံပိုက်လိုင်းများသည် လက်ရှိအသုံးပြုနေသော ရေနံပိုက်လိုင်းများဖြစ်နေတဲ့အခါမျိုးမှာ CSR ဌာနမှဝန်ထမ်းနှင့်အတူ တောင်သူကိုတွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးပေးရတဲ့ ကိစ္စမျိုးလည်းရှိပါတယ်။*

*ကျွန်မအနေနှင့် အကြံပြုစာတင်ပြမှုအကြောင်းအရာများကို ရွာထဲမှ မကြာခဏ ရှင်းပြပေးတာမျိုးလည်းရှိပါတယ်။ ဒီအကြံပြုစာတင်ပြဆွေးနွေးနိုင်တဲ့ အစီအစဉ်က ကျေးရွာမှာရှိတဲ့ လူထုအတွက်အကျိုးကျေးဇူးများစွာရှိပါတယ်။ လုပ်ငန်းဆောင်ရွက်နေတဲ့ အနီးအနားတဝိုက်မှာနေထိုင်ပြီး တောင်ယာလုပ်ကိုင်နေကြတဲ့ တောင်သူအတွက် ဒီလိုအကြံပြုစာ တင်ပြဆွေးနွေးနိုင်တဲ့အတွက် ပူပန်ကြောင့်ကြမှုမရှိဘဲ တောင်ယာလုပ်ကိုင်နိုင်ပါတယ်။ အကြံပြုဆွေးနွေးခြင်းအစီအစဉ်ကို ကိုယ့်ရွာသူရွာသားတွေလည်း ပိုမိုသိရှိအောင် မကြာခဏအသိပေးပြီး လှုံ့ဆော်ပေးပါတယ်။ ”*

## ၇။ အများပြည်သူသိရှိနိုင်ရေးဆောင်ရွက်မှု

အကြံပြုစာများကိုင်တွယ်ဖြေရှင်းပုံ၊ ကုမ္ပဏီအနေဖြင့် ဆောင်ရွက်နိုင်ခြင်းရှိသည့် ကိစ္စရပ်များ၊ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များ၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းအဆင့်ဆင့်နှင့် အချိန်ကာလ သတ်မှတ်ချက်တို့ကို မန်းရေနံမြေရှိ ဒေသခံလူ့အဖွဲ့အစည်းအနေဖြင့် ပိုမိုနားလည်သဘောပေါက်စေရန် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ အသိပညာပေးအစီအစဉ်နှင့် လှုပ်ရှားမှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သတ်မှတ်ကာလအလိုက် ရေးသားထုတ်ဝေထားသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အစီရင်ခံစာများကို ကုမ္ပဏီဝက်ဘ်ဆိုဒ် စာမျက်နှာတွင် တင်ပြထားပြီး လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် တွေ့ဆုံဆွေးနွေးချိန်တို့တွင်လည်း အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အကြောင်းကို ထုတ်ဖော်ပြောဆိုအသိပေးလျက်ရှိပါသည်။ ထို့အပြင် အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေး လှုပ်ရှားမှုများကို သတ်မှတ်ကာလ အပိုင်းအခြားအလိုက်ပြုလုပ်လျက်ရှိပြီး ဒေသခံများ၏လုပ်ငန်းစဉ်ဆိုင်ရာ သိရှိနားလည်မှု တိုးတက်လာပုံကို ဆန်းစစ်လေ့လာလျက်ရှိသည်။









## ၈။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်းများ၊ အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများ

### အဆင့်(၁) အကြံပြုစာလက်ခံခြင်းနှင့်အသိအမှတ်ပြု ဆောင်ရွက်ခြင်း

- အကြံပြုစာများကို ဒေသဘာသာစကား (မြန်မာဘာသာ) အသုံးပြု၍ စာဖြင့်ဖြစ်စေ ၊ ကျေးရွာစေတနာ့ဝန်ထမ်းမှတဆင့် ဖြစ်စေ၊ ဖုန်းဆက်၍ ဖြစ်စေ နည်းလမ်း (၃) ခုဖြင့် ပေးပို့တင်ပြနိုင်ပါသည်။
- အကြံပြုစာတင်ပြလာပါက (၁) ရက်မှ (၃) အတွင်း အဆိုပါတင်ပြမှုကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်ကို အကြံပြုစာတင်ပြသူထံ ပြန်လည်အကြောင်း ပြန်ကြားပါမည်။

### အဆင့် (၂) အကဲဖြတ်ခြင်းနှင့်တာဝန်ချထားဆောင်ရွက်ခြင်း

- အကြံပြုစာရရှိသည်နှင့်တပြိုင်နက် တင်ပြသည့်ကိစ္စရပ်၏ ထိခိုက်မှုအဆင့်ကို အကဲဖြတ်ဆန်းစစ်ပြီး ရေနံမြေ CSR ညှိနှိုင်းရေးတာဝန်ခံက MPRL E&P ၏ မန်းရေနံမြေ စီမံခန့်ခွဲရေး မန်နေဂျာနှင့် MOGE ၏ မန်းရေနံမြေအထွေထွေမန်နေဂျာတို့ထံ တင်ပြပါမည်။ အဆိုပါ ကိစ္စရပ်ကို သက်ဆိုင်ရာဌာနများက ကွင်းဆင်းစစ်ဆေးပြီး အသင့်လျော်ဆုံးဖြစ်စေရန် ဆက်လက်ဆောင်ရွက်မည့် တာဝန်ပေးဝန်ထမ်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပါမည်။ ထို့နောက် အကြံပြုစာတင်ပြသူထံ အချိန်နှင့်တပြေးညီ ပြန်လည်အကြောင်းကြားပါမည်။




- ကြီးမားပြင်းထန်မှုရှိသည့်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန်လိုအပ်လာပါ ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ပါမည်။

## အဆင့်(၃) စုံစမ်းစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း

- ရေနံမြေ CSR ညှိနှိုင်းရေးတာဝန်ခံနှင့် သက်ဆိုင်ရာ ရာဌာနများသည် အကြံပြုစာများကို စုံစမ်းစစ်ဆေး ပြီး အဆိုပြုထားသော ဖြေရှင်းဆောင်ရွက်မည့်ပုံစံ ကို အကြံပြုစာတင်ပြသူထံ အကြောင်းပြန်ကြားပါ မည်။
- အချို့ကိစ္စရပ်များတွင် စေ့စပ်သေချာစွာစုံစမ်းစစ် ဆေးနိုင်ရန် အကြံပြုစာတင်ပြသူထံမှ အချက်အလက် များ တောင်းခံသွားပါမည်။





ပုံ (၁) အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်

## အဆင့်(၄) အကြံပြုစာပိတ်သိမ်းခြင်း

- အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်များကို အကြံပြု သူနှင့်အတူတကွ ဆွေးနွေး၍ ရရှိလာသော အဖြေ များပေါ်မူတည်၍ ကုစားမှုများဆောင်ရွက်လျက်ရှိ ပါသည်။ ကုစားမှုများသည် အကြံပြုစာပေါ်မူတည် ၍ ကွဲပြားမှုများရှိနိုင်ပါသည်။
- အကြံပြုစာတင်ပြသူအတွက် ကျေနပ်ဖွယ် ဖြေရှင်း ဆောင်ရွက်မှုမဖြစ်ပါက အဆိုပါကိစ္စရပ်အတွက် အကြံပြုစာတင်ပြသူက ဖြေရှင်းဆောင်ရွက်မှုကိုကျေနပ်သည်နှင့်တပြိုင်နက် အဆိုပါအကြံပြုစာကို ပိတ်သိမ်းနိုင် ကြောင်း မှတ်ယူသွားပါမည်။

## အဆင့်(၅) သင်ခန်းစာဖော်ထုတ်ခြင်း

- လုပ်ငန်းစဉ်၏ အဓိကအချက်မှာ လက်ခံရရှိသောအကြံပြုတင်ပြချက်များကို အခြေခံ၍ သင်ခန်းစာဖော်ထုတ်ခြင်း နှင့် ပုံမှန်ပြန်လည်သုံးသပ်ခြင်းဖြစ်ပါသည်။ အကြံပြု ဆွေးနွေးခြင်းလုပ်ငန်းစဉ် စီမံခန့်ခွဲရာတွင် ပိုမိုကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်နိုင်ရန် အကြံပြုတင်ပြလာမှုအခြေအနေများကို ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့အပါအဝင် လုပ်ငန်း တည်ရှိရာနေရာများတွင် သတ်မှတ်ကာလအလိုက် ဆွေးနွေးသုံးသပ်လျက်ရှိပါသည်။



“ မန်းရေနံမြေ စီမံခန့်ခွဲရေးအလုပ်တွေက ၂၄ နာရီ လုပ်နေရတဲ့အလုပ်မျိုးဖြစ်တဲ့ အတွက် ဒေသခံတွေ အပေါ်မှာလည်း လူမှုရေးဆိုင်ရာသက်ရောက်မှုတွေနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုတချို့ ဖြစ်နိုင်မယ် လို့ ကျွန်တော်တို့ထင်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီ အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလမ်းညွှန် ချက်တွေကို အတိအကျလိုက်နာပြီး လုပ်ငန်းဆောင် ရွက်နေတဲ့အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုကတော့ တော်တော်ဖြစ်ခဲပါတယ်။

လုပ်ငန်းဆောင်ရွက်မှုတွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ သက်ရောက်မှုရှိလာလို့ အကြံပြုဆွေးနွေးခြင်းလုပ်ငန်း စဉ်နဲ့ ဖြေရှင်းဆောင်ရွက်ဖို့ဖြစ်လာရင် ကျွန်တော်တို့ ရေနံမြေစီမံခန့်ခွဲရေးအဖွဲ့က လုပ်ငန်းဆက်စပ်လုပ် ကိုင်ရတဲ့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက တာဝန်ရှိသူတွေ၊ ရေနံမြေ CSR လုပ်ငန်းအဖွဲ့၊ ကျေး ရွာစေတနာ့ဝန်ထမ်းတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး တွေနဲ့ အမြဲတမ်းပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်ပါ တယ်။ ဒေသခံတွေတင်ပြလာတဲ့ကိစ္စတွေကို ကျေနပ် အောင် ဖြေရှင်းဆောင်ရွက်ရာမှာ ဒီလိုပူးပေါင်းဆောင် ရွက်တာက အဓိကကျပြီး အရေးကြီးပါတယ်။ ဘာ ကြောင့်ဆိုရင် ဒါက OGM လုပ်ငန်းစဉ်အတွက် အရေး ပါတဲ့ အသင်းအဖွဲ့စိတ်ဓာတ်နဲ့ ဆောင်ရွက်ရတာလည်း ဖြစ်ပါတယ်။ OGM လုပ်ငန်းစဉ်နဲ့ တင်ပြဖြေရှင်းနိုင်တဲ့ နည်းလမ်းရှိတဲ့အတွက် အကြံပြုတင်ပြလာတဲ့ ကိစ္စ တိုင်းကို မြန်မြန်ဆန်ဆန်ဖြေရှင်းနိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့လုပ်ငန်းတွေကိုလည်း နှောင့်နှေးကြန့် ကြာမှုနဲ့ ကြီးကြီးမားမားပြဿနာတစ်စုံတစ်ရာ မဖြစ်ဘဲ ဆောင်ရွက်နိုင်တာလည်း ဖြစ်ပါတယ်။ ကျေးရွာတွေက နေ OGM လုပ်ငန်းစဉ်နဲ့ တင်ပြလာလို့ ကျွန်တော်တို့



ဦးမျိုးဝင်း
Field Operations Manager
Field Operations Department

လုပ်ငန်းတွေမှာ လျှပ်စစ်နဲ့မီးဘေးအန္တရာယ်မျိုးက အစ ကြိုတင်ကာကွယ်လာနိုင်ပါတယ်။


ဒီလုပ်ငန်းစဉ်ကနေ ကျွန်တော်တို့ အဖွဲ့အစည်းနဲ့ ဒေသ ခံတွေကြားမှာ လုပ်ငန်းဆောင်ရွက်ရတဲ့အပေါ် နားလည်မှုပိုရှိလာပြီး ဒေသခံတွေရဲ့ စိုးရိမ်မှုတစ်စုံတစ်ရာ ရှိခဲ့ရင်လည်း ဒေသခံတွေကျေနပ်အောင် ကျွန်တော်တို့ အနေနဲ့ ဖြေရှင်းဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေရှာ နိုင်ဖို့ ပံ့ပိုးပေးပါတယ်။ ဒါကြောင့်လည်း ဒီလုပ်ငန်းစဉ် က လုပ်ငန်းဆောင်ရွက်နေတဲ့အဖွဲ့အစည်းနဲ့ ဒေသခံ လူထုကြားမှာ ခိုင်မာတဲ့ဆက်ဆံရေး တည်ဆောက် နိုင်ဖို့ အတွက်ပါ အထောက်အပံ့ဖြစ်ပါတယ်။ ”

## ၉။ ဖြစ်နိုင်ချေရှိသည့်ရလဒ်များနှင့်ကုစားမှုများ

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ အဓိကအားသာချက်တစ်ခုမှာ လိုက်လျောညီထွေရှိခြင်းဖြစ်ပြီး မတူညီသည့် အကြံပြုတင်ပြချက်ပုံစံအမျိုးမျိုးအတွက် သင့်လျော်စွာဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများရှိနေခြင်းဖြစ်သည်။ ယင်းတို့အနက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် အချိန်နှင့်နယ်ပယ်ကန့်သတ်ချက်ကို သတ်မှတ်နိုင်ခြင်း၊ ပြောင်းလဲပြင်ဆင်နိုင်ခြင်းတို့အပြင် မြေယာလျော်ကြေးပေးဆောင်ခြင်း၊ ရေနံဖိတ်စင်မှုရှိသည့်မြေယာများကို အစားထိုးပြုပြင်ခြင်း၊ ပစ္စည်းဟောင်းများဖယ်ရှားခြင်း၊ သေချာရှင်းပြပြောဆိုနိုင်ရန် ကမ်းလှမ်းခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာဗျူဟာကိုသုံးသပ်ပြင်ဆင်ခြင်း သို့မဟုတ် ကတိကဝတ်များ ပြန်လည်ညှိနှိုင်းခြင်းတို့ ပါဝင်နိုင်ပါသည်။

အကြံပြုစာများစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဖြေရှင်းဆောင်ရွက်မည့်အဆိုပြုပုံစံတစ်ခု ထွက်ပေါ်လာစေရန် ပူးပေါင်း





ဆောင်ရွက်မည်ဖြစ်ပြီး ယင်းအဆိုပြုပုံစံကို အကြံပြုစာပေးပို့သူထံ ပြန်လည်တင်ပြမည်ဖြစ်သည်။ အဆိုပြုထားသောဆုံးဖြတ်ချက်ကို လုပ်ငန်းစဉ်တွင်ပါဝင်သူအားလုံးက သဘောတူလက်ခံလေ့ရှိပြီး ယင်းသို့ လက်ခံပါက သတ်မှတ်အချိန်ကာလအတွင်း ယင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အကြံပြုတင်ပြသူက အဆိုပြုဆုံးဖြတ်ချက်ကို လက်မခံပါက အခြေအနေအရပ်ရပ်ကို ပြန်လည်စုံစမ်းစစ်ဆေးပါမည်။ ထို့နောက် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာမူဘောင်အတွင်းမှ ရွေးချယ်နိုင်မည့် အခြားနည်းလမ်းများကို အသေးစိတ်လေ့လာပြီး ပါဝင်သူများ၏ နောက်ဆုံးသဘောတူညီချက်ကို လက်ခံဆောင်ရွက်ပါမည်။ အကြံပြုချက်များကိုသေချာစွာမှတ်တမ်းတင်နိုင်ရန်နှင့် ထိရောက်စွာကိုင်တွယ်ဖြေရှင်းခဲ့ကြောင်းကို စာရွက်စာတမ်း၊ အချက်အလက်နှင့် ဓာတ်ပုံအထောက်အထားများအပါအဝင် မှတ်တမ်းများ သေချာစွာစုစည်းထားရှိခြင်းဖြင့် အကြံပြုစာကို ပိတ်သိမ်းပါမည်။






## ၁၀။ အကြံပြုဆွေးနွေးခြင်းဆိုင်ရာအချက်အလက်များ




ပုံ (၂) အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်း





ပုံ (၃) ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် ဇူလိုင်လအထိ လက်ခံရရှိသောအကြံပြုစာ အမျိုးအစားနှင့်အရေအတွက်

## အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့် လက်ခံရရှိသော အကြံပြုစာများ

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့စဉ်ကတည်းက ဘဏ္ဍာနှစ်အလိုက်အကြံပြုစာများကို ဘဏ္ဍာရေးနှစ်တစ်ခုစီတွင် တိုးတက်လက်ခံရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှအပ ၂၀၁၇ ခုနှစ်အထိ ယင်းကာလအတွင်း အကြံပြုတင်ပြချက်အချို့ကို နှစ်တစ်နှစ်မှ တစ်နှစ်သို့ အကူးအပြောင်းတွင် ဖြေရှင်းဆောင်ရွက်ရခြင်းများရှိပြီး တင်ပြလာသည့် အကြံပြုစာများကိုသတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ အောက်ဖော်ပြပါပုံ (၄) တွင် လုပ်ငန်းစဉ်စတင်လည်ပတ်ခဲ့သည့် ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ ပြက္ခဒိန်နှစ်အလိုက် လက်ခံရရှိသောအကြံပြုစာများနှင့် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများကို ဖော်ပြထားပါသည်။

**ပြက္ခဒိန်နှစ်အလိုက် ဒေသခံများနှင့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်များ**
**(စက်တင်ဘာလ ၂၀၁၄ မှ ဇူလိုင်လ ၂၀၂၄ အထိ)**




ပုံ (၄) ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် ဇူလိုင်လအထိ လက်ခံရရှိခဲ့သည့် အကြံပြုစာနှင့်ပိတ်သိမ်းပြီးအကြံပြုစာများ

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိအကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့် လက်ခံရရှိသောအကြံပြုစာ (၁၇၄) စောင်အနက် ၈၉% ကို အကြံပြုတင်ပြသူက တိုက်ရိုက်တင်ပြခဲ့ခြင်းဖြစ်ပြီး ၁၁% ကို ဒေသခံဝန်ထမ်းများမှတဆင့် တင်ပြခဲ့ပါသည်။ ဒေသခံများထံမှ တင်ပြလာသည့် အကြံပြုစာအရေအတွက်သည် အချိန်နှင့်အမျှ တိုးတက်လာပြီး ယင်းမှာ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ဒေသခံများ ပိုမိုသိရှိနားလည်လာသည်ကို ထင်ဟပ်လျက်ရှိပါသည်။



**၈၉%**
အကြံပြုတင်ပြသူမှ
တိုက်ရိုက်တင်ပြခဲ့ခြင်း

**၁၁%**
ဒေသခံဝန်ထမ်းများမှ
တဆင့် တင်ပြခြင်း



# ရွေးချယ်ထုတ်နုတ်ထားသော အကြံပြုစာများ

## အကြံပြုစာ - ၁

ဒေသခံတစ်ဦးက လုပ်ငန်းစဉ်ဖြင့် အကြံပြုစာတစ်ခု တင်ပြခဲ့ရာ ၎င်း၏ယာကွက်အတွင်းရှိ လျှပ်စစ်ဓါတ်အားတိုင် လဲကျနေမှုကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်လာနိုင်ကြောင်း လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြခဲ့သည်။ အဆိုပါအကြံပြုစာကို မီးဘေးအန္တရာယ်၊ လျှပ်စစ်အန္တရာယ် ဟူသည့်ကဏ္ဍတွင် စာရင်းသွင်းဆောင်ရွက်ခဲ့သည်။

### ဖြေရှင်းဆောင်ရွက်ခြင်း

အကြံပြုစာတင်ပြသည့်နေရာသို့ MPRL E&P Field Operations Team နှင့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းမှတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း လျှပ်စစ်ဌာနမှ လျှပ်စစ်ဓါတ်အားတိုင်အား ပြုပြင်ပေးခဲ့သည်။ အကြံပြုစာ လက်ခံရရှိပြီး (၁) ရက်အကြာတွင် လုပ်ငန်းပြီးစီးခဲ့ပြီး အကြံပြုစာတင်ပြသူမှလည်း လုပ်ငန်းစဉ်နှင့်ဖြေရှင်းဆောင်ရွက်မှုကို ကျေနပ်သဖြင့် အကြံပြုစာကို ပိတ်သိမ်းခဲ့သည်။

## အကြံပြုစာ - ၂

ဒေသခံတစ်ဦးက လုပ်ငန်းစဉ်ဖြင့် အကြံပြုစာတစ်ခု တင်ပြခဲ့ရာ ၎င်း၏ယာကွက်အတွင်းရှိ တွင်းနံပါတ် ၄၉ နှင့် ၂၄ ကိုသွယ်တန်းထားသော ရေနံပိုက်လိုင်းဟောင်းများကြောင့် ယာကွက်အတွင်း စိုက်ပျိုးရန် အခက်အခဲရှိသဖြင့် လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြခဲ့သည်။

### ဖြေရှင်းဆောင်ရွက်ခြင်း

အကြံပြုစာတင်ပြသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသုံးမပြုသော ပိုက်လိုင်းဟောင်းများကို ဖယ်ရှားပေးခဲ့သည်။ အကြံပြုစာ လက်ခံရရှိပြီး (၁) ရက်အကြာတွင် လုပ်ငန်းပြီးစီးခဲ့ပြီး အကြံပြုစာတင်ပြသူမှလည်း လုပ်ငန်းစဉ်နှင့်ဖြေရှင်းဆောင်ရွက်မှုကို ကျေနပ်သဖြင့် အကြံပြုစာကိုပိတ်သိမ်းခဲသည်။



## ၁၁။ သင်ခန်းစာနှင့် ဖြစ်နိုင်သည့်အလားအလာများ

MPRL E&P သည် ပထမဦးဆုံး လူ့အခွင့်အရေးဆိုင်ရာမူဝါဒကို ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုး၍ နိုင်ငံတကာ အသိအမှတ်ပြုသော လူ့အခွင့်အရေးဆိုင်ရာမူဝါဒကို လိုက်နာခြင်းဖြင့် လူမှုတာဝန်သိမှုလုပ်ငန်းစဉ်များတွင် ဦးဆောင်သူအဖြစ် မဟာဗျူဟာကျကျ ရပ်တည်ထားခဲ့သည်။ ဤအခြေခံအဆင့်သည် ကုမ္ပဏီ၏ကျင့်ဝတ်ဆိုင်ရာ စီးပွားရေး အလေ့အကျင့်များနှင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှုများအတွက် ကုမ္ပဏီ၏ ကြိုတင်ချဉ်းကပ်မှုဖြစ်သည်။ MPRL E&P သည် ၂၀၁၆ ခုနှစ်မှစတင်၍ United Nations Global Compact ၏ အခြေခံမူများကို လူသိရှင်ကြားလိုက်နာဆောင်ရွက်လျက်ရှိကြောင်းနှင့် တိုးတက်ဖြစ်ထွန်းမှုများကို နှစ်စဉ် Communication on Progress (CoP) အတိုင်း ပုံမှန်တင်ပြအစီရင်ခံခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကို ပြသနိုင်ခဲ့ပြီး ဂုဏ်သိက္ခာကို မြှင့်တင်ကာ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် လိုက်နာမှုဆိုင်ရာအန္တရာယ်များကို လျော့ချနိုင်ခဲ့သည်။

MPRL E&P ၏ မဟာဗျူဟာတွင် အရေးပါသော အစိတ်အပိုင်းမှာ အဓိက လုပ်ငန်းဆောင်ရွက်သူအဖြစ် လုပ်ကိုင်နေသည့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ မန်းရေနံမြေနှင့်ထိစပ်ကျေးရွာလူထုများနှင့် ကြိုတင်၍ တက်ကြွစွာ ထိတွေ့ဆက်ဆံမှုရှိခြင်းဖြစ်သည်။



OGM အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်မှ လူထု၏ စိုးရိမ်ပူပန်မှုများကို ပွင့်လင်းမြင်သာစွာ တာဝန်ယူစီမံခန့်ခွဲခြင်းဖြင့် ကုမ္ပဏီအနေဖြင့် နစ်နာမှုများကို ဆောလျင်စွာဖြေရှင်းပေးနိုင်ရုံမက ကြိုတင်ကာကွယ်မှုများကိုလည်းဆောင်ရွက်လျက်ရှိပါသည်။ ဤချဉ်းကပ်မှုသည် လုပ်ငန်းစဉ်ဆောင်ရွက်မှုများကို ဒေသခံများလက်ခံမှုပိုမိုမြှင့်တင်ရန်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အနှောင့်အယှက်များကို လျှော့ချရန်အတွက် ဗျူဟာမြောက်ဖြစ်ပြီး လုပ်ငန်းလည်ပတ်ရန်အတွက် လူထုအသိအမှတ်ပြုမှုကိုလည်း ရရှိစေသည်။



**ဦးအေးမင်း**
(မန်းကျိုးကျေးရွာ)

*“ ကျွန်တော့်ယာထဲမှာ ရေနံပိုက်လိုင်းပေါက်တော့ ရွာက စေတနာ့ဝန်ထမ်းဆီကို အကြောင်းကြား ပြောပြခဲ့တာမှာ MPRL E&P က တာဝန်ရှိသူတွေက မဆိုင်းမတွ အကြောင်းပြန်ကြားပါတယ်။ စက်ယန္တရားကားကြီးတွေနဲ့ ယာထဲဝင်ပြီး ဖြေရှင်းဆောင်ရွက်တဲ့အခါမှာလည်း ကုမ္ပဏီဝန်ထမ်းတွေက ကျွန်တော့်ယာမြေတွေမပျက်စီးအောင် ဂရုစိုက်ပြီး လုပ်ကိုင်ဆောင်ရွက်ကြတာ တွေ့ရပါ တယ်။ တွင်းကနေ သိုလှောင်ကန်အထိ ရေနံသယ်တဲ့ကားကြီးတွေနဲ့ ရေနံသယ်တာမှာလည်း ရေနံဖိတ်စင်တာ၊ အလေအလွင့်ဖြစ်တာ တစ် ခါမှ မတွေ့ခဲ့ဖူးပါဘူး။ ပိုက်လိုင်းပေါက်တာနဲ့ ယာကွက်ထဲ က ပိုက်လိုင်းဟောင်းတွေ ကိစ္စတွေနဲ့ ပတ်သက်ပြီး ဒီအကြံ ပြုစာတင်ပြတဲ့ လမ်းကြောင်းအတိုင်း တင်ပြလိုက်ရင် ကုမ္ပဏီ က ချက်ချင်း အရေးတယူ ဆောင်ရွက်ပေးတာမို့ တောင်သူ တွေအတွက် တကယ် အဆင်ပြေပါတယ်။ ဒါကြောင့်လည်း ဒီလိုကိစ္စရပ်တွေရှိလာရင် ကုမ္ပဏီကိုအကြံပြုစာတင်ပြလို့ရတဲ့အကြောင်းကို ကိုယ့်တောင်သူအချင်းချင်းလည်း တိုက် တွန်းပြီး သတင်းပေးဖြစ်ပါတယ်။ ဒါက အပန်းလည်းမကြီး သလို တင်ပြစရာကိစ္စရှိလာရင် အကြံပြုတင်ပြနိုင်တော့ ဝမ်းသာ ရပါတယ်။ ”*

" ကျွန်တော့်ရွာက ဒီလုပ်ငန်းစဉ်ကနေ ကုမ္ပဏီကို တင်ပြစရာရှိလာရင် ကျေးရွာအုပ်ချုပ်ရေးမှူးအနေနဲ့ အကြံပြုစာကိုသိရှိကြောင်း လက်မှတ်ထိုးပေးရပါတယ်။ ပြီးတော့ ကုမ္ပဏီက သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ အကြံပြုစာတင်ပြသူရော အားလုံးရဲ့မျှော်မှန်းချက်နဲ့ လုပ်ငန်းစဉ်ဆောင်ရွက်ချက် အညွှန်းကိန်းတွေနဲ့ပါကိုက်ညီမယ့် အဖြေတစ်ခုရဖို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြပါတယ်။ တစ်ခါတစ်လေကျရင် ဘယ်ကိစ္စရပ်တွေကို ဒီလုပ်ငန်းစဉ်ကနေ ကုမ္ပဏီကို အကြံပြုတင်ပြနိုင်တယ်ဆိုတာကို ရွာကလူတွေကို တိုက်ရိုက်ပြောပြရှင်းပြပြီး တင်ပြစရာကိစ္စရှိလာတဲ့အခါမှာလည်း တောင်သူတွေနဲ့ရွာက ဒေသခံတွေကို တာဝန်သိသိနဲ့ တကယ်အထောက်အကူပြုတာလည်း တွေ့ရပါတယ်။ ကပ်ရောဂါနဲ့ နိုင်ငံရေးကိစ္စအပြောင်းအလဲကာလတွေမှာတောင် ကုမ္ပဏီက ကျွန်တော်တို့တင်ပြတဲ့ အကြံပြုချက်တွေကိုဖြေရှင်းပေးဖို့ မပျက်ကွက်ခဲ့ပါဘူး။ ကုမ္ပဏီအနေနဲ့ မဖြေရှင်းနိုင်တဲ့ သီးသန့်ကိစ္စမျိုးရှိခဲ့ရင်တောင် ပြေလည်မယ့်အဖြေတစ်ခုရအောင် စေ့စပ်ဆွေးနွေးပြီး သေချာပြောဆိုရှင်းပြပါတယ်။ "

**ဦးအောင်အောင်**
ကျေးရွာအုပ်ချုပ်ရေးမှူး
(ကြာကန်ကျေးရွာ)





အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ယနေ့အထိ အကြံပြုစာ ၁၈၀ အထိ ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ဒေသခံလူထု၏ ယုံကြည်မှုကို ထိန်းသိမ်းထားခြင်းဖြင့် MPRL E&P ၏ တာဝန်ခံမှု မူဘောင်အခြေခံအုတ်မြစ်အဖြစ်ဆောင်ရွက်ပေးလျက်ရှိသည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် မကျေနပ်မှုများကို ဖြေရှင်းရုံသာမက ဖြစ်ပေါ်လာနိုင်သော လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖော်ထုတ်ရာတွင်လည်းအရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ ဤကဲ့သို့ ချဉ်းကပ်ခြင်းဖြင့် MPRL E&P အမှုဆောင်အဖွဲ့သည် ဆင့်ကဲဖြစ်ပေါ်လာနိုင်သော စိန်ခေါ်မှုများကို တက်ကြွစွာ ကြိုတင်ကိုင်တွယ်ဖြေရှင်းနိုင်ပြီး လုပ်ငန်းလည်ပတ်မှု၏ ခံနိုင်ရည်နှင့် လိုက်လျောညီထွေမှုရှိသောစွမ်းရည်ကို တိုးမြှင့်စေသည်။

ရှေ့ဆက်၍ MPRL E&P ၏ ရေရှည်တည်တံ့မှု မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များဖြစ်သော လူထုနှင့်ရေရှည်ပူးပေါင်းဆောင်ရွက်ခြင်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ထည့်သွင်းအသုံးပြုရန်ရည်ရွယ်သည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် ၁၀ နှစ်ပြည့်အဖြစ် ၂၀၂၄ ခုနှစ်ကုန်တွင် အထူးထုတ်ဝေမှုပြုလုပ်ခြင်းဖြင့် ကုမ္ပဏီအနေဖြင့် ရရှိခဲ့သော သိမြင်မှုများနှင့် အောင်မြင်မှုများကို သက်ဆိုင်သူများထံ ပွင့်လင်းမြင်သာစွာမျှဝေရန် ရည်ရွယ်ပါသည်။ ဤဗျူဟာမြောက်မှတ်တိုင်သည် ပြောင်းလဲလာသော စည်းမျဉ်းစည်းကမ်းအခင်းအကျင်းများနှင့် လူမှုအသိုင်းအဝိုင်း၏ မျှော်လင့်ချက်များကြားတွင် စဉ်ဆက်မပြတ်တိုးတက်မှုနှင့် လူထု၏တုံ့ပြန်မှုရရှိရေးတို့အတွက် MPRL E&P ၏ ကတိကဝတ်ကို အလေးပေးဖော်ပြပါသည်။

နိဂုံးချုပ်အားဖြင့် MPRL E&P ၏ အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ကို မဟာဗျူဟာမြောက် အသုံးပြုခြင်းသည် ထိစပ်ကျေးရွာလူထု၏ မကျေနပ်ချက်များကို ချက်ချင်း ဖြေရှင်းပေးရုံသာမက ၎င်း၏ခံနိုင်ရည်အား၊ ဂုဏ်သတင်း နှင့် ကမ္ဘာ့ရေရှည်တည်တံ့မှုပန်းတိုင်များနှင့်အတူ မဟာ ဗျူဟာမြောက်ပေါင်းစပ်မှုကိုလည်း အားကောင်းစေသည်။ လူ့အခွင့်အရေး၊ လူထုထိတွေ့ဆက်ဆံမှုနှင့် ထိုးထွင်းသိမြင် မှုဆိုင်ရာ စီမံခန့်ခွဲမှုတို့ကို ပေါင်းစပ်ခြင်းဖြင့် ကုမ္ပဏီသည် စွမ်းအင်ကဏ္ဍအတွင်း လူထုတာဝန်သိမှု အရင်းအမြစ်စီမံ ခန့်ခွဲမှုနှင့် သက်ဆိုင်သူများနှင့်ဆက်ဆံရေးကောင်းမွန် မှုများတွင် ဦးဆောင်မှုကို ဖော်ပြလျက်ရှိပါသည်။



*“ခေတ်အားလိုင်းရဲ့လျှပ်စစ်မီးကြိုးက ခပ်နိမ့်နိမ့်သွယ် ထားတဲ့အတွက် ကျွန်မအိမ်နဲ့ကပ်နေတော့ လျှပ်စစ်အန္တ ရာယ်ဖြစ်မှာကို စိုးရိမ်ခဲ့ပါတယ်။ တကယ်လို့ မိုးရွာပြီးလေ ပြင်းတိုက်လာရင် လျှပ်စစ်အန္တရာယ် ဖြစ်လာနိုင်တာကြောင့် ကျေးရွာစေတနာ့ဝန်ထမ်းကဆင့် ဒီအခြေအနေကို ချက် ချင်းတင်ပြခဲ့ပါတယ်။ နောက်တော့ အန္တရာယ်ကင်းလောက် တဲ့အကွာအဝေးလောက်မှာ မီးကြိုးသွယ်ထားတဲ့ ခေတ်တိုင် သစ်ကို ကျွန်မခြံထဲမှာ လာရောက်တပ်ဆင်ပေးတဲ့ တာဝန်*

**ဒေါ်စန်းဝေ**
(ချင်တောင်ကျေးရွာ)





*ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ အခုဆိုရင်ကျွန်မ အိမ် မှုကိစ္စနဲ့ လုပ်ကိုင်စရာရှိတာတွေကို သက်တောင့်သက်သာ လုပ်လို့ရပါပြီ။ အရင်ကလို မိုးပြင်းလေပြင်းတိုက်ရင် အိမ် ပြင်ထွက်ပြီးနေရတာမျိုးလည်း မလိုတော့တဲ့အတွက် အခု ဆို အိမ်ထဲမှာပဲ အန္တရာယ်ကင်းကင်းနဲ့နေနိုင်ပါပြီ။*

*ဒီလို ကျွန်မတင်ပြခဲ့တဲ့ အကြံပြုချက်အပေါ်မှာ အချိန်နဲ့ တပြေးညီ ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေကို ကျေးဇူးတင်ကြောင်း ပြော ချင်ပါတယ်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကဒေသခံ တွေအပေါ်သက်ရောက်နိုင်တဲ့ ရေနံယိုဖိတ်တာ၊ ယာထဲမှာ ပိုက်လိုင်းပေါက်တာ၊ သီးနှံနဲ့မြေကြီးပျက်စီးတာစတဲ့ အခြေ အနေတွေကို ပြုပြင်နိုင်အောင်နဲ့ လျော့ပါးသက်သာအောင် အကြံပြုတင်ပြလို့ရတဲ့ လုပ်ငန်းစဉ်လည်းဖြစ်တော့ မန်း တောင်သူတွေနဲ့ ဒေသခံတွေအတွက် တကယ်ကို အကျိုး များတဲ့ လုပ်ငန်းစဉ်တစ်ခုပါ။”*

## ၁၂။ မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ အချိန်ကာလအလိုက် ဖြစ်စဉ်

### ၂၀၁၃-၁၄

- လုပ်ငန်းစဉ်ကနဦးစတင်ခဲ့သည့် OGM လုပ်ငန်းစဉ်ကို ဆန်းစစ်ခြင်း
- လုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်းနှင့် ကျေးရွာများသို့ လုပ်ငန်းစဉ်ဆိုင်ရာအချက်အလက် ဖြန့်ဝေခြင်း
- လုပ်ငန်းစဉ်ဆိုင်ရာ စွမ်းဆောင်ရည်ပြ အညွှန်းကိန်းများ သတ်မှတ်ခြင်းနှင့် ဒေသခံများနှင့် ဦးစွာဆက်သွယ်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားခြင်း

### ၂၀၁၅-၁၆

- လုပ်ငန်းစဉ်ကို ကြားဖူးနားဝရှိသူနှင့် သိရှိသူ ၆၀% ရှိကြောင်း အိမ်ခြေ ၄၂၀ တွင် ကောက်ယူခဲ့သည့် KAP စစ်တမ်းအရ သိရှိခြင်း
- MOGE၊ ဒေသခံများနှင့် MPRL E&P တို့အကြားတွင် ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးတက်နိုင်ရန် ပထမဦးဆုံး လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေးလှုပ်ရှားမှု ပြုလုပ်ခြင်း

### ၂၀၁၇-၁၈

- လုပ်ငန်းစဉ်ကို ကြားဖူးနားဝရှိသူနှင့် သိရှိသူ ၈၀% ရှိကြောင်း အိမ်ခြေ ၃၅၀ တွင် ကောက်ယူခဲ့သည့် KAP စစ်တမ်းအရ သိရှိခြင်း
- ဒုတိယမြောက်လုပ်ငန်းစဉ် ဆိုင်ရာအသိပညာပေးလှုပ်ရှားမှုဖြင့် အသိပညာမျှဝေမှု (၄၂) ကြိမ်တွင် ဒေသခံ (၃,၁၂၃) ဦးကို ပံ့ပိုးခဲ့ခြင်း

### ၂၀၁၈-၁၉

- လုပ်ငန်းစဉ်ကို ကြားဖူးနားဝရှိသူနှင့် သိရှိသူ ၈၇% ရှိကြောင်း အိမ်ခြေ ၃၄၀ တွင် ကောက်ယူခဲ့သည့် KAP စစ်တမ်းအရသိရှိခြင်း
- တတိယမြောက် လုပ်ငန်းစဉ်ဆိုင်ရာအသိပညာပေးလှုပ်ရှားမှုဖြင့် အသိပညာမျှဝေမှု(၁၆) ကြိမ်တွင် ဒေသခံ (၁,၈၇၂) ဦးကို ပံ့ပိုးခဲ့ခြင်း

### ၂၀၁၉-၂၀

- လုပ်ငန်းစဉ်ကို ကြားဖူးနားဝရှိသူနှင့် သိရှိသူ ၉၆% ရှိကြောင်း အိမ်ခြေ ၃၅၀ တွင် ကောက်ယူခဲ့သည့် KAP စစ်တမ်းအရ သိရှိခြင်း
- စတုတ္ထမြောက် လုပ်ငန်းစဉ်ဆိုင်ရာအသိပညာပေးလှုပ်ရှားမှုကို "CSR လုပ်ငန်းများပြပွဲ" ကျင်းပခဲ့ပြီး ဒေသခံ (၂,၀၈၁) ဦး ပူးပေါင်းပါဝင်ခဲ့ခြင်း

### ၂၀၂၂-၂၃

- ပဉ္စမမြောက် လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုကို ပြန်လည်ကျင်းပခဲ့ပြီး ဒေသခံ (၇၈၈) ဦး ပါဝင်ခဲ့ခြင်း
- ကမ္ဘာ့တဝှမ်းကပ်ရောဂါ ဖြစ်ပွားခဲ့ချိန်နှင့် ပြည်တွင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများရှိချိန်တွင် လုပ်ငန်းစဉ်ကို ပုံမှန်ထိန်းသိမ်းလည်ပတ်နိုင်ခဲ့ခြင်း




**MPRL E&P Pte Ltd.**

**Vantage Tower -** အမှတ် (၆၂၃)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ် (၀၀၁၄၁)၊ ရန်ကုန်။

ဖုန်း - ၀၁ ၂၃၀ ၇၇၃၃၊ ဖက်စ် - ၉၅ ၁ ၂၃၀ ၇၇၄၄

အီးမေးလ် - communications@mprlexp.com

www.mprlexp.com myanmar_mprlexp mprlep mprlep